# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 3, 2022 Volume 50, Number 1

## မြန်မာ့နာနတ်သီး တောင်ကိုရီးယားသို့တင်ပို့မည်



မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော နာနတ်သီးများကို ၂၀၂၂ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံသို့တင်ပို့ရန် လိုအပ်သော သီးနှံအရည်အသွေး၊ ဈေးနှုန်းနှင့် တင်ပို့မည့်ပုံစံများကို နှစ်နိုင်ငံသဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ နာနတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

တောင်ကိုရီးယားနိုင်ငံသို့ နာနတ်သီးတင်ပို့နိုင်ရန်အတွက် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ဒုတိယပတ်မှစတင်ကာ ခတ်ခွဲစမ်းသပ် စစ်ဆေးမှုများဆောင်ရွက်နေပြီး ပေ ၂၀ ကွန်တိန်နာတစ်လုံးစာကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလဝက်မတိုင်မီ အဆိုပါနိုင်ငံသို့ စမ်းသပ်တင်ပို့မည်ဖြစ်ကာ တင်ပို့မှုအောင်မြင်ပါက လစဉ်ကွန်တိန်နာလေးလုံးအထိ တင်ပို့သွားရန်စီစဉ်ထားကြောင်းသိရသည်။ ယခင်က မြန်မာနိုင်ငံမှထွက်ရှိသည့် နာနတ်သီးများကို တရုတ်ဈေးကွက်တစ်ခုသာ အားထားတင်ပို့လျက်ရှိပြီး ထွက်ရှိသမျှ ၅၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့ကာ ကျန် ၅၀ ရာခိုင်နှုန်းကို ပြည်တွင်းဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေခြင်းဖြစ်သည်။

တရုတ်နိုင်ငံသို့ မြန်မာ့နာနတ်သီးတင်ပို့စဉ်က တစ်ရက်လျှင် နာနတ်သီးတန်ချိန် ၃၀၀ နီးပါးအထိတင်ပို့ခဲ့ရပြီး လက်ရှိတွင် တရုတ်နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ထားသော်လည်း နာနတ်သီးတင်ပို့နိုင်ခြင်းမရှိသဖြင့် ဈေးကွက်ဆုံးရှုံးမှုများ ဖြစ်ပေါ် လျက်ရှိကြောင်း သိရသည်။ နာနတ်သီးကို ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်တို့တွင် အဓိကစိုက်ပျိုးလျက်ရှိပြီး မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နာနတ်သီးစိုက်ဧက ၃၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

Source: http://sdtimedaily.com/

| ၃.၁.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၆ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၂၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၁၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၇.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၀၃.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၀၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၆.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၆၀၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဒီဇင်ဘာလ တစ်လအတွင်း မတ်ပဲ၊ ငရုပ်သီး၊ မန်ကျည်းသီးတို့၏ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

***မတ်ပဲ FAQ/RC 2021***

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်ပဲ FAQ/RC 2021 ၏ (၁-၁၂-၂၀၂၁ မှ ၃၀-၁၂-၂၀၂၁) ထိ တစ်လအတွင်း ဖြစ်ပေါ်ခဲ့သောဈေးနှုန်းများမှာ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျပ် ၁၄၂၅၀၀၀ ဖြစ်ပြီး ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၁၂၈၂၅၀၀ ဖြစ်သောကြောင့် တစ်လအတွင်း ဈေးနှုန်း ကျပ် ၁၄၂၅၀၀ ဈေးလျော့ကျခဲ့ကြောင်းသိရသည်။

***ငရုပ်သီး***

**ဘုရင့်နောင်ကုန်စည်ဒိုင်တွင်** (၁-၁၂-၂၀၂၁ မှ ၃၀-၁၂-၂၀၂၁) ထိ တစ်လအတွင်း ဖြစ်ပေါ်ခဲ့သော ငရုပ်သီးဈေးနှုန်းများမှာ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပန်းရဲ (AC ) ငရုပ်ရှည် ကျပ် ၄၃၀၀၀၊ ရမည်းသင်း (မိုးထောင်) သစ် ကျပ် ၃၆၀၀၀၊ ပျော်ဘွယ် (မိုးထောင်)သစ် ကျပ် ၃၆၀၀၀၊ သာစည် ( မိုးထောင်) သစ် ကျပ် ၃၆၀၀၀၊ ဟသ်ာတ (မိုးထောင်) ကျပ် ၃၂၀၀၀၊ အိမ်မဲ ( AC ) ကျပ် ၄၀၀၀၀၊ ပန်းတနော်( AC ) ကျပ် ၄၀၀၀၀၊ ဆင်ဖြူကျွန်း ( ပု ) AC ကျပ် ၅၅၀၀၀၊ မြစ်ဝ (ပု) AC ကျပ် ၈၅၀၀၀ ဖြစ်ပေါ် ခဲ့သည်။ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပန်းရဲ AC ကျပ် ၁၂၀၀၀၊ ရမည်းသင်း (မိုးထောင်) သစ် ကျပ် ၅၀၀၀၊ ပျော်ဘွယ် (မိုးထောင်) သစ် ကျပ် ၅၀၀၀၊ သာစည် ( မိုးထောင်) သစ် ကျပ် ၅၀၀၀၊ ဟသ်ာတ ( မိုးထောင် ) ကျပ် ၁၀၀၀၊ အိမ်မဲ ( AC ) ကျပ် ၂၀၀၀၊ ပန်းတနော် ( AC ) ကျပ် ၂၀၀၀၊ ဆင်ဖြူကျွန်း (ပု) AC ကျပ် ၂၀၀၀ ခန့် ဈေးမြင့်တက်ခဲ့ကြပြီး မြစ်ဝ (ပု) AC မှာ ကျပ် ၃၀၀၀ ခန့် ဈေးကျဆင်းခဲ့သည်။ တစ်လအတွင်း ငရုပ်ရှည်အိတ်ပေါင်း ၂၃၆၀၀( ၄၇၂၀၀၀ ပိဿာ ) နှင့် ငရုပ်ပုအိတ်ပေါင်း ၃၄၄၀ (၅၁၆၀၀ ပိဿာ) အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

***မန်ကျည်းသီး***

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁-၁၂-၂၀၂၁ မှ ၃၀-၁၂-၂၀၂၁) ထိ တစ်လအတွင်းဖြစ်ပေါ်ခဲ့သော မန်းကျည်းသီး တစ်ပိဿာ ဈေးနှုန်းများမှာ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရမည်းသင်းပွင့်ကပ် ကျပ် ၁၇၀၀၊ ကျောက်ပန်းတောင်း ( အသား ) မှာ ကျပ် ၂၉၀၀ ဖြစ်ကြောင်းသိရသည်။ တစ်လအတွင်း ရမည်းသင်းပွင့်ကပ် ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျောက်ပန်းတောင်း (အသား) မှာ ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ကြောင်း သိရသည်။

**Source: ပြည်တွင်းကုန်သွယ်မှုဗဟိုဌာန**

## YSX စာရင်းဝင် EFR အုပ်စုက မူဆယ်မြို့နှင့်မြဝတီမြို့တို့တွင် ကုန်းတွင်းဆိပ်ကမ်းတည်ဆောက်ရန် အခြေအနေစောင့်ကြည့်နေ

ရန်ကုန်စတော့အိတ်ချိန်း(YSX)စာရင်းဝင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစုဖြစ်တဲ့ ထာဝရနဒီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (EFR) က တရုတ်နဲ့ထိုင်းနယ်စပ်မြို့တွေဖြစ်တဲ့ မူဆယ်နဲ့မြဝတီတို့မှာ ကုန်းတွင်းဆိပ်ကမ်းတည်ဆောက်ဖို့ အခြေအနေစောင့်ကြည့်နေတယ်လို့ ဥက္ကဋ္ဌ ဦးကျော်လွင်ဦးကပြောပါတယ်။ "မကြာခင်မှာ တရုတ်ပြည်နယ်စပ်ဖြစ်တဲ့ မူဆယ်တို့ ယိုးဒယားနယ်စပ်ဖြစ်တဲ့ မြဝတီတို့မှာ ထပ်မံတိုးချဲ့ဖို့ပြီးတော့ ရေရှည်စီမံချက်အတွက် ဆက်လက်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်"လို့ဆိုပါတယ်။ EFR Group အနေနဲ့ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်မယ့် အမျိုးသားအဆင့် ထောက်ပံ့ပို့ဆောင်ရေး ကွန်ယက် (National Level Logistic Network) တစ်ခုအဖြစ် ရပ်တည်လိုနေပြီး လက်ရှိမှာ ကုန်းတွင်းဆိပ်ကမ်း တည်ဆောက်မှုတွေကို ရန်ကုန်နဲ့မန္တလေးမြို့တို့မှာ အကောင်အထည်ဖော်လျက်ရှိပါတယ်။

ဆက်လက်ပြီး ဦးကျော်လွင်ဦးက "အပြောင်းအလဲဖြစ်ပေါ်လာတဲ့ အခြေအနေနဲ့ကိုက်တဲ့ ရေရှည်စီမံချက်တွေကိုလည်း ရေးဆွဲထားပြီးသားဖြစ်တယ်။ လက်ရှိမှာတော့ အခြေအနေလေးတွေကို စောင့်ကြည့်နေတယ်။ အကယ်၍ အခွင့်အလမ်းလည်း ရှိတယ်။ အခွင့်အရေးလည်း ကောင်းလာတယ်။ အခြေအနေကလည်း လက်ခံလာနိုင်တဲ့ အနေအထားရှိရင်တော့ ကျွန်တော်တို့ရဲ့ ရေရှည်စီမံချက်တွေကို ချက်ခြင်းအသက်သွင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"လို့ ပြောကြားပါတယ်။

EFR အုပ်စု အများပိုင်ကုမ္ပဏီက ၂၀၂၀ ပြည့်နှစ် မေလမှာ YSX ရဲ့ ၆ ခုမြောက် စာရင်းဝင်ကုမ္ပဏီအဖြစ် စတော့ဈေးကွက်ထဲ ရောက်ရှိလာခဲ့ပြီး ရှယ်ယာတစ်စုအတွက် အခြေခံဈေးနှုန်း ၂၃၀၀ သတ်မှတ်ပြီး အရောင်းအဝယ် စတင်ပြုလုပ်ခဲ့ပါတယ်။ EFR အုပ်စုမှာ စီးပွားရေးလုပ်ငန်း ၆ ခု၊ စီမံကိန်း ၆ ခုနဲ့ တွဲဖက်ကုမ္ပဏီ ၂ ခုတို့ ပါဝင်လည်ပတ်နေပြီး လက်ရှိ အကျပ်အတည်းကာလမှာ သင့်တော်တဲ့ အကျိုးအမြတ်တွေရှိခဲ့တယ်လို့ ဥက္ကဋ္ဌဦးကျော်မင်းဦးက ပြောကြားထားပါတယ်။ "ကျွန်တော်တို့ EFR မှာ လာရောက်ရင်းနှီးမြှုပ်နှံခြင်းက အမှားမရှိဘူးဆိုတာပါပဲ" ဆိုပါတယ်။

**Source: BETV Business**

## ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ပြီးခဲ့သည့်နှစ်တွင် ပထမဆုံးအကြိမ် တန်ချိန် ၃၀၀,၀၀၀ ကျော်ရှိ

ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုသည် ၂၀၂၁ ခုနှစ်တွင် ပထမဆုံးအကြိမ် တန်ချိန် ၃၀၀,၀၀၀ ကျော်လွန်ခဲ့ပြီး ကမ္ဘောဒီးယား-တရုတ် နှစ်နိုင်ငံအကြား ဆန်စပါးကဏ္ဍတွင် နောက်ထပ်သမိုင်းမှတ်တိုင်ဖြစ်လာကြောင်း တရုတ်နိုင်ငံ အသိအမှတ်ပြုလက်မှတ်နှင့် စစ်ဆေးရေးအဖွဲ့(CCIC)၏ ကမ္ဘောဒီးယားရုံးခွဲက ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာ အရသိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ်တွင် တရုတ်နိုင်ငံသို့ သန့်စင်ထားသည့် ဆန်တန်ချိန် ၃၀၆,၂၂၂ တန် တင်ပို့ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၂၄၉,၃၂၂ တန် တင်ပို့ထားသဖြင့် ၂၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း CCIC ကမ္ဘောဒီးယားရုံးခွဲ၏ အထွေထွေမန်နေဂျာ Chen Qisheng က ပြောကြားခဲ့သည်။

တိုးတက်မှုသည် ၂၀၁၂ ခုနှစ်တွင် ဆန်တင်ပို့မှု တန်ချိန် ၅,၀၀၀ ခန့်မှ ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၃၀၀,၀၀၀ ကျော်အထိ နောက်ပိုင်းတွင် တိုးတက်လာခဲ့ပြီး တစ်နှစ်အတွင်း ပထမဆုံးအကြိမ် အမြင့်ဆုံးဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ “တရုတ်နိုင်ငံက ခိုင်မာတဲ့အားပေးထောက်ပံ့မှုတွေနဲ့အတူ ကမ္ဘောဒီးယားနိုင်ငံရဲ့ ဆန်ထုတ်လုပ်တင်ပို့မှုလုပ်ငန်းက ကြီးမားတဲ့ တိုးတက်မှုတွေဖြစ်ခဲ့ပါတယ်။” Chen Qisheng က ဆင်ဟွာသို့ပြောကြားခဲ့သည်။

ဆန်စပါးအပြင် ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် လတ်ဆတ်သောငှက်ပျောသီးနှင့် သရက်သီးများအား ပထမဆုံးအကြိမ် တင်ပို့ခဲ့ကြောင်းနှင့် မကြာမီကာလအတွင်း တရုတ်နိုင်ငံသို့ ကမ္ဘောဒီးယား longan အသီးအနှံ တင်ပို့နိုင်ရေးအတွက် ကမ္ဘောဒီးယား-တရုတ်နှစ်နိုင်ငံက အတူတကွဆောင်ရွက်လျက်ရှိကြောင်း Chen Qisheng က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံကြား လွတ်လပ်သောကုန်သွယ်မှုဇုန်(CCFTA) နှင့် ဒေသတွင်းဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံမှု (RCEP) တို့သည် ဇန်နဝါရီ ၁ ရက်တွင် အသက်ဝင်လာသည်နှင့်အမျှ အဆိုပါ သဘောတူညီချက်နှစ်ရပ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ၊ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအား ပိုမိုအားကောင်း လာစေမည်ဟု Chen က ယုံကြည်ကြောင်းပြောကြားခဲ့သည်။ “အဲဒီသဘောတူညီချက်တွေက ကမ္ဘောဒီးယားနိုင်ငံရှိ သွင်းကုန်နဲ့ ထုတ်ကုန်လုပ်ငန်းတွေ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် ကြီးမားတဲ့အကျိုးအမြတ်တွေပေးနိုင်ပါတယ်။”ဟု ၎င်းက ပြောကြားခဲ့သည်။

သဘောတူညီချက်နှစ်ရပ်နှင့်အတူ တရုတ်နိုင်ငံသို့ တင်ပို့မှုအပြင် ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်၊ ငှက်ပျော၊ သရက်သီး၊ အုန်းသီးမွှေးနှင့်သီဟိုဠ်သရက်ပင်ကဲ့သို့ အရည်အသွေးမြင့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များအား ဂျပန်၊ တောင်ကိုရီးယား၊ စင်္ကာပူစသည့်နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ပြီး အကျိုးဖြစ်ထွန်းမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ တိုးတက်ကောင်းမွန်စေရေးအတွက် လုပ်ငန်းများအား ထိထိရောက်ရောက်မြှင့်တင်နိုင်မည် ဖြစ်ကြောင်း Chen Qisheng က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source:** https://xinhuamyanmar.com/mmen/%e1%80%80%e1%80%99%e1%80%b9%e1%80%98%e1%80%b1%e1%80%ac%e1%80%92%e1%

## RCEP စတင်အသက်ဝင်လာခြင်းက ကုန်သွယ်ရေး ၊ စီးပွားရေးဆက်ဆံမှုများအတွက် မြှင့်တင်ပေးမည်ဟု စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးပြောကြား



ဒေသတွင်း ဘက်စုံစီးပွားရေးမိတ်ဖက်ဆက်ဆံမှု(RCEP) သဘောတူညီချက် စတင်အသက်ဝင်လာခြင်းက စင်ကာပူနိုင်ငံနှင့် RCEP အဖွဲ့ဝင် နိုင်ငံများအကြား ကုန်သွယ်ရေးနှင့်စီးပွားရေး ဆက်ဆံမှုများတွင် မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး Gan Kim Yong က သောကြာနေ့တွင်ထုတ်ပြန်ခဲ့သည့် ကြေညာချက်တစ်စောင်၌ ပြောကြားခဲ့သည်။ RCEP စတင်အသက်ဝင် လာချိန်တွင် ယင်းသဘောတူညီချက်အား လက်တွေ့အသုံးချနိုင်ရန်အတွက် များစွာသော စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များက စိတ်အားထက်သန်လျက်ရှိကြောင်း

လည်း ၎င်းကဆိုသည်။

"RCEP သဘောတူညီချက်ဟာ လက်မှတ်ရေးထိုးပြီး တစ်နှစ်ခန့်အကြာမှာတော့ စတင်အသက်ဝင်လာခဲ့သလို ဒီလိုခက်ခဲတဲ့ အချိန်ကာလကြားမှာ စီးပွားရေးလုပ်ငန်းတွေကို နက်ရှိုင်းစွာချဲ့ထွင်ဖို့အတွက် ဒေသတွင်းရဲ့ ခိုင်မာတဲ့သန္နိဋ္ဌာန်နဲ့ကတိကဝတ် သက်သေခံချက်ပဲဖြစ်ပါတယ်" ဟု Gan က ဖြည့်စွက်ပြောကြားခဲ့သည်။ သဘောတူလက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံများ အကြား စီးပွားရေးလုပ်ငန်းများအနေဖြင့် ကုန်စည်ရောင်းဝယ်ဖောက်မှုအတွက် ၉၂ ရာခိုင်နှုန်းကျော်သည် RCEP သဘောတူညီမှု စတင်အသက်ဝင်သည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ အခွန်စည်းကြပ်မှုမှ ကင်းလွတ်ခွင့်ခံစားကြရမည်ဖြစ်သည်။ ထို့ပြင်သတ္တုလောင်စာများ၊ ပလတ်စတစ်၊ အခြားဓာတုထုတ်ကုန်များ၊ ရွေးချယ်ထားသည့် RCEP ဈေးကွက်များတွင် အမျိုးမျိုး စားသောက်ကုန်များနှင့် အဖျော်ယမကာများအပါအဝင် အထူးကုန်စည်များအတွက် ဦးစားပေးဈေးကွက်တင်သွင်းမှု နောက်ထပ် အထူးအခွင့်အရေးများလည်း ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

ရှင်းလင်းလွယ်ကူသော စည်းမျဉ်းစည်းကမ်းအစပြုမှုနှင့်အတူ ဒေသတွင်းစုစည်းမှုပြဋ္ဌာန်းချက်များ ၊ စီးပွားရေးလုပ်ငန်းများ သည် ဦးစားပေးဈေးကွက်တင်သွင်းမှုအကျိုးရလဒ်များကို ပြုလွယ်ပြောင်းလွဲပုံစံဖြင့် ပို၍ကြီးမားကျယ်ပြန့်စွာ ရရှိပိုင်ဆိုင်နိုင်မည် ဖြစ်ကြောင်းနှင့် ဒေသတွင်းပို့ကုန်ကွင်းဆက်အခွင့်အလမ်းကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်ကဆိုသည်။ အချို့သော နယ်ပယ်များတွင်ရှိနှင့်ပြီးသား (အာဆီယံ+၁) လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် ကတိကဝတ်များမှ တဆင့် စီးပွားရေးအကျိုးအမြတ်ကို ရရှိနေသည့်အပြင် ပိုမိုပွင့်လင်းမြင်သာသော ချဉ်းကပ်မှုတစ်ခုဖြင့် စီးပွားရေးလုပ်ငန်းများ အတွက် ပိုမိုခိုင်မာသေချာအောင် စီမံဆောင်ရွက်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားခဲ့သည်။

**Source:** https://xinhuamyanmar.com/mm-en/rcep-%e1%80%85%e1%80%90% e1%80%84%e1% 80%ba%e1% 80%a1% e1%80%9e%e1%80%80%e1%80

## ပန်းဈေးကွက်ကျဆင်းမည်ကို စိုးရိမ်သဖြင့် ပန်းစိုက်တောင်သူအများစု ယခုနှစ်တွင် သဘော်ပင်များနှင့် မှျတစိုက်ပျိုးခဲ့ကြ



၂၀၂၁ ခုနှစ် ပန်းစိုက်ရာသီအတွင်း ပန်းဈေးကွက်ကျဆင်းမှုကြုံမည်ကို စိုးရိမ်သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်ရှိ ပန်းစိုက်တောင်သူ အများစုမှာ ပန်းနှင့်သဘော်ပင်များကို မှျတစိုက်ပျိုးခဲ့ကြကြောင်း ဒေသခံများ ထံမှ သိရသည်။ "နှစ်တိုင်း ကျွန်တော်တို့ဒေသမှာ ဂန္ဓမာပန်းကို အများဆုံး စိုက်တယ်။ သီရိမင်္ဂလာဈေး ပန်းဈေးကွက်မှာဆို ခရမ်းကထွက်တဲ့ပန်းဆိုပြီး နာမည်ရတယ်။ ဒီနှစ်တော့ စိုက်ပျိုးရေးဆေးဖိုးတွေ ဈေးတက်လို့ ပန်းစိုက် တာကို လျှော့စိုက်ဖြစ်ကြတာ။ ပန်းစိုက်တာက ပိုးသတ်ဆေး၊ အပင်အားဆေးစတဲ့ စရိတ်စကတွေ ပိုကုန်တယ်လေ။ ဒီနှစ်မှာ တောင်သူ ၁၀၀ မှာ ၇၀ ဦးလောက်ကို ပန်းလျှော့စိုက်တယ်။ ပန်းပင်ရေ ၂ သောင်းလောက် စိုက်တဲ့သူက ၁ သောင်းလောက် လျှော့စိုက်ပြီး၊ ကျန်တာကို သဘော်ပင်တွေနဲ့ မှျစိုက်လိုက်တဲ့သဘောပါ။ လျှော့စိုက်တဲ့နှစ်ကျမှ ပန်းဈေးကွက်ကလည်း ဈေးတအားကောင်းတယ်၊ ဒီလို ဈေးကွက်ကောင်းလိမ့်မယ်လို့ တောင်သူတွေလည်း ကြိုတင်မသိကြဘူးလေ"ဟု ရန်ကုန်တိုင်း ဒေသကြီး၊ ခရမ်းမြို့နယ်မှ ဒေသခံတောင်သူ ကိုလွှမ်းပိုင်စိုးကပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်အတွင်း သဘော်ပင်စိုက်ပျိုးရာတွင် မေလမှာစတင်စိုက်ပျိုးပြီး၊ ၈ လ ဝန်းကျင်အကြာ တွင် စတင်ခူးဆွတ်လေ့ရှိသည်။ "သဘော်ပင်က မြေဆီကျွေးရတာပဲရှိတယ်။ ကျန်တဲ့စရိတ်သိပ်မရှိဘူး၊ တစ်နှစ်ပတ်လည်နီးပါး စိုက်ပျိုးရတဲ့အပင်လည်းဖြစ်တယ်၊ ဈေးကွက်ကလည်း အသီးအမှည့်နဲ့အသီးစိမ်း ဈေးကွက် ၂ မျိုးရှိတော့ ဈေးကွက်ပျက်မှာကို မပူရဘူး။ ကိုဗစ်ကလည်းဖြစ်ထားတယ်၊ နိုင်ငံရေးအခြေအနေကလည်းရှိနေတယ်၊ ဒါ့အပြင် ဆေးဖိုးမြေဆီဖိုးတွေကလည်း ဈေးအရမ်းတက်တော့ မတော်လို့ ပန်းဈေးကွက်မကောင်းခဲ့ရင် စိုက်ပျိုးစရိတ်တွေ မကာမိမှာစိုးရိမ်ပြီး၊ ဒီနှစ်မှာ သဘော်ပင်နဲ့ မှျစိုက်ဖြစ်ကြတာပါ။ လာမယ့်ရာသီမှာတော့ အရင်တုန်းကလိုပဲ ပန်းတွေများများ ပြန်စိုက်ကြဦးမှာပါ"ဟု ၎င်းက ဆက်လက် ပြောသည်။ သဘော်ပင် ပင်ရေ (၁၅၀) စိုက်ပျိုးပါက စိုက်ပျိုးကုန်ကျစရိတ် စုစုပေါင်း ကျပ်(၇) သိန်း ဝန်းကျင်ကုန်ကျနိုင်သည်။

ပင်ကြားတန်းကြား ဖပေ၊ ၇ပေ ထားစိုက်ပါက သဘော်ပင်ရေ ၄၀ဝ ဝန်းကျင် ဝင်ဆံ့ကြောင်း သိရသည်။

**Source:** https://greenwaymyanmar.com/posts/most_flower_growers_have_been_planting_papaya

## ကိုဗစ်ကပ်ဘေးဖြစ်ပေမယ့် စူးအက်တူးမြောင်းမှသင်္ဘောများ ဖြတ်သန်းမှုစံချိန်တင်



ကမ္ဘာမှာ ကိုဗစ်ကပ်ဘေးကြုံရချိန် စီးပွားရေးလုပ်ငန်းအများစု ရပ်တန့် သွားပေမယ့် စံချိန်တင်ဝင်ငွေတွေရရှိတဲ့ လုပ်ငန်းတစ်ခုရှိပါတယ်။ အဲဒါကတော့ စူးအက်တူးမြောင်းကနေ ကုန်တင်သင်္ဘောတွေကို အခကြေးငွေယူပြီး ဖြတ်သန်းသွားလာခွင့်ပေးတဲ့ ဝန်ဆောင်မှုလုပ်ငန်းပါပဲ။ ဟုတ်ပါတယ်။ ကိုဗစ်ကပ်ဘေးကိုကြုံနေရတဲ့အပြင် အဲဗားဂစ်ဗင်း အမည်ရှိ အကြီးစားကုန်တင်သင်္ဘောက စူးအက်တူးမြောင်းမှာ ခြောက်ရက်ကြာ ပိတ်ဆို့မှုဖြစ်ပွားသည့်တိုင် ၂၀၂၁ ခုနှစ်အတွင်း အဲဒီတူးမြောင်းကနေ ရရှိတဲ့အမြတ်ငွေက တကယ့်ကိုစံချိန်တင်တယ်လို့ အီဂျစ်နိုင်ငံရဲ့ စူးအက်တူးမြောင်း အာဏာပိုင်အဖွဲ့က ပြောပါတယ်။

ပင်လယ်နီနဲ့မြေထဲပင်လယ်ကို ဆက်သွယ်ထားတဲ့ စူးအက်တူးမြောင်းဟာ ကမ္ဘာ့ ရေကြောင်းကုန်သွယ်မှု စုစုပေါင်းရဲ့ ၁၀ ရာခိုင်နှုန်းကို လက်ခံဖြတ်သန်းခွင့် ပေးနေတဲ့နေရာဖြစ်ပါတယ်။ ဒ့ါအပြင် အီဂျစ်နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေကို အဓိကရှာဖွေပေးနေတဲ့ နေရာကလည်း အသံတိတ် စီးပွားရေးသမားလို့ ခေါ်ဆိုရလောက်တဲ့ စူးအက်တူးမြောင်းပါပဲ။

၂၀၂၁ ခုနှစ်အတွင်း ကုန်ပစ္စည်းတန်ချိန်ပေါင်း ၁ ဒသမ ၂၇ ဘီလီယံကို စူးအက်တူးမြောင်းကနေ ဖြတ်သန်းခွင့်ပေးတဲ့ အတွက် အီဂျစ်အစိုးရဟာ သင်္ဘောဖြတ်သန်းခ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံကိုရရှိပါတယ်။ ဒီပမာဏဟာ ၂၀၂၀ ပြည့်နှစ်မှာရရှိတဲ့ သင်္ဘောဖြတ်သန်းခ စုစုပေါင်းထက် ၁၃ ရာခိုင်နှုန်း ပိုမိုများပြားပြီး သမိုင်းတစ်လျှောက်လုံး စူးအက်တူးမြောင်း ကနေ စံချိန်တင်ဝင်ငွေရရှိမှုဖြစ်တယ်လို့ စူးအက်တူးမြောင်းအာဏာပိုင်အဖွဲ့မှူး အိုစမာရာဘီးကပြောပါတယ်။ ဒ့ါအပြင် ၂၀၂၀ ပြည့်နှစ်အတွင်း အဲဒီတူးမြောင်းကနေဖြတ်သန်းတဲ့ ကုန်တင်သင်္ဘောအရေအတွက်က ၁၈၈၃၀ သာရှိရာမှ ၂၀၂၁ ခုနှစ်မှာတော့ ၂၀၆၉၄ စင်းအထိ မြင့်တက်လာပါတယ်။ ဒါဟာ တစ်ရက်ကို ကုန်တင်သင်္ဘောအစင်းရေ ၅၆ စင်းကျော်အထိ ဖြတ်သန်းတယ် ဆိုတာကို ဖော်ပြနေတာဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် မတ်လတုန်းက သဲမုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားစဉ်အတွင်း အဲဗားဂစ်ဗင်း အမည်ရတဲ့ တန်ချိန် ၁၉၉၀၀၀ ရှိ ကုန်တင်သင်္ဘောကြီးဟာ စူးအက်တူးမြောင်းကို ကန့်လန့်ဖြတ်ပိတ်ပြီး ညပ်နေခဲ့ဖူးပါတယ်။ အဲဒီသင်္ဘောကြီး ကယ်ဆယ်ရေး အတွက် ၂၄ နာရီပတ်လုံး ကြိုးစားပမ်းစားလုပ်ဆောင်ခဲ့ရာ အချိန်ခြောက်ရက်အထိကြာမြင့်ကာ ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ရ ပါတယ်။ ဒီကာလအတွင်းမှာ စူးအက်တူးမြောင်းက တစ်ရက်ကိုဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂ သန်းကနေ ၁၅ သန်းအထိ ဆုံးရှုံးခဲ့တာပါ။ အထက်မှာပြောခဲ့သလိုမျိုးပဲ ကမ္ဘာမှာ ကိုဗစ်ကပ်ဘေးဖြစ်နေပေမယ့် ကုန်သွယ်မှုကတော့မပြတ်ခဲ့ပါဘူး။ စူးအက် တူးမြောင်းရဲ့ တစ်နှစ်အတွင်း ဝင်ငွေကိုကြည့်ရင် ဒီအချက်ကို ကောင်းစွာတွေ့မြင်နိုင်ပါတယ်။ နောက်တစ်ချက်က တူးမြောင်း များသည် အကုန်အကျများတဲ့ ရေလမ်းခရီးကို တိုစေနိုင်တာကြောင့် လူကြိုက်များတဲ့လမ်းကြောင်းတွေဖြစ်ပြီး ပြည်ပဝင်ငွေကို အဓိကရှာဖွေပေးရာ နေရာတစ်ခုဖြစ်လာခြင်းပါပဲ။

**Source:** https://www.myawady.net.mm/node/20331

## စင်ကာပူနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် နိုဝင်ဘာလတွင် ၃.၈ ရာခိုင်နှုန်းရှိပြီး၊ ၂၀၂၁ တစ်နှစ်လုံးတွင် ၂.၃ ရာခိုင်နှုန်းဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်း

စင်ကာပူနိုင်ငံ၏ ကုန်စျေးနှုန်းအတက်အကျကို တွက်ချက်တိုင်းတာသည့် စားသုံးသူ စျေးဆနှုန်းကိန်း (Consumer Price Index – CPI) သည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ၃.၈ ရာခိုင်နှုန်းဖြစ်ပေါ်ခဲ့ပြီး၊ အောက်တိုဘာလတွင်ဖြစ်ပေါ်ခဲ့သည့် ၃.၂ ရာခိုင်နှုန်း ထက် ပိုမိုမြင့်တက်ခဲ့ပါသည်။ နိုဝင်ဘာလအတွင်း ကားစျေးနှုန်း၊ လျှပ်စစ်မီတာခနှင့်ဓါတ်ငွေ့စျေးနှုန်းများ အဓိကမြင့်တက်ခဲ့ခြင်းဖြစ်ပြီး၊ လေယာဉ်လက်မှတ်ခ၊ အိမ်ခြံမြေငှားရမ်းခ၊ တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်ခနှင့် စားသောက်ကုန်စျေးနှုန်းများမှာလည်း အနည်း

ငယ်မြင့်တက်ခဲ့ပါသည်။ သို့ရာတွင် အဝတ်အထည်နှင့်ဖိနပ်ကဲ့သို့သောကုန်ပစ္စည်းများ၏ဈေးနှုန်းများမှာ ဆက်လက်ကျဆင်းခဲ့ပါသည်။ စင်ကာပူနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာခြင်းနှင့်အတူ ကိုဗစ် ၁၉ ကန့်သတ်ချက်များ၏ သက်ရောက်မှု ကြောင့် လုပ်သားစရိတ်နှင့်သွင်းကုန်ဈေးနှုန်းများ မြင့်တက်နေသည့် လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများအရ ငွေကြေးဖောင်းပွမှုနှုန်း (Inflation) သည် ၂၀၂၁ ခုနှစ် တစ်နှစ်လုံးတွင် ၂.၃ ရာခိုင်နှုန်းဖြစ်ပေါ်နိုင်သည်ဟု စင်ကာပူငွေကြေးအာဏာပိုင်နှင့် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနတို့က ၂၃-၁၂-၂၀၂၁ ရက်နေ့တွင် ပူးတွဲသတင်းထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းဘောင်အတွင်းဖြစ်ပေါ်နိုင်သည်ဟု ယခင်ကြိုတင်ခန့်မှန်းချက်ထက် တိုးမြှင့်လိုက်ခြင်းဖြစ်ပါသည်။

Source: **Ministry of Trade and Industry, Singapore**

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## နိုဝင်ဘာလကုန်ထိ စာရင်းဇယားများအရ ဂျပန်နိုင်ငံ၏အလုပ်လက်မဲ့နှုန်းသည် ၂.၈ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့

ကိုရိုနာဗိုင်းရပ်ကြောင့်ထိခိုက်ခဲ့ရသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးပြန်လည် နာလန်ထူကောင်း မွန်လာသဖြင့် လူအများစုမှာ မူလအလုပ်ထက် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များ ရှာဖွေလာကြခြင်းကြောင့် နိုဝင်ဘာလ၏ စာရင်းဇယားများအရ မူလအလုပ်ကို စွန့်ခွာသူဦးရေ ၂.၈% အထိ မြင့်တက်လာခဲ့ကြောင်း ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဂျပန်အစိုးရက ထုတ်ပြန်ခဲ့ပါသည်။

ပြီးခဲ့သည့် အောက်တိုဘာလတွင် ကူးစက်မှုများ သိသိသာသာကျဆင်းခဲ့သည့်အတွက် ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေး အရေးပေါ်အခြေအနေ ရုတ်သိမ်းပြီးနောက်ပိုင်း ခြောက်လအတွင်း ရာသီအလိုက်ချိန်ညှိထားသော အလုပ်လက်မဲ့နှုန်းသည် ယခင်လ (စက်တင်ဘာလ) ကထက် ၀.၁% မြင့်တက်လာကြောင်းတွေ့ရပါသည်။

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အချက်အလက်များအရ နိုဝင်ဘာလတွင် အလုပ်အကိုင်ရရှိမှုအချိုးသည် ယခင်အောက်တိုဘာလ၏ နှုန်းထားအတိုင်း ပြောင်းလဲမှုမရှိဘဲ အလုပ်ရှာဖွေသူ ၁၀၀ ဦးလျှင် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု ၁၁၅ ဦးရှိကြောင်း သိရပါသည်။

နိုဝင်ဘာလတွင် အလုပ်လက်မဲ့ဦးရေစုစုပေါင်းမှာ ၁.၉၂ သန်းအထိတိုးလာပြီး သုံးလတာအတွင်း ပထမဆုံးအကြိမ် တိုးမြင့်လာကြောင်း ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။ ၎င်းတို့အနက် လူပေါင်း ၇၆၀,၀၀၀သည် ၎င်းတို့၏ ဆန္ဒအလျောက်အလုပ်မှ နှုတ်ထွက်သူများဖြစ်ကြောင်း သိရပါသည်။

အလုပ်လက်မဲ့ဦးရေတိုးလာခြင်းသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်များရှာဖွေရန် မိမိဆန္ဒအလျောက် မူလအလုပ် စွန့်လွှတ်သူ ဦးရေတိုးတက်လာခြင်းဖြစ်ကြောင်း၊ မကြာသေးမီကာလက ပြည်တွင်းဗိုင်းရပ်စ်ကူးစက်မှုနှုန်း ကျဆင်းသွားခြင်းနှင့် စီးပွားရေးနာလန်ထူလာသည့် အနေအထား၏ သက်ရောက်မှုဟုဆိုနိုင်ကြောင်း အစိုးရတာဝန်ရှိသူမှ ပြောကြားခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍမှ လေ့လာသုံးသပ်သူများမှလည်း ပြီးခဲ့သည့် နွေရာသီတွင် ဗိုင်းရပ်စ်ကူးစက်မှု အမြင့်ဆုံးနှုန်းထား ဖြစ်ခဲ့သည့် တစ်ရက်လျှင် လူဦးရေ ၂၅,၀၀၀ကျော်ကူးစက်မှုနှင့်နှိုင်းယှဉ်ပါက လတ်တလောကာလတွင် တစ်ရက်ကူးစက်မှု ၂,၅၀၀ ဝန်းကျင်ခန့်သို့ လျော့နည်းကျဆင်းသွားခြင်းသည် ပြည်တွင်းစီးပွားရေးအပေါ် အလုပ်လုပ်ကိုင်သူများ၏ ပိုမိုအကောင်းမြင်လာမှုကို ဖြစ်လာစေသည်ဟု သုံးသပ်ခဲ့ပါသည်။

အသက် ၁၅ နှင့် ၂၄ နှစ်အကြားရှိလူများနှင့် ၃၅ နှင့် ၄၄ နှစ်အကြားရှိသူများ၏ အလုပ်လက်မဲ့နှုန်း တိုးလာခြင်းသည် ၎င်းတို့အနေဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်း ပြောင်းလဲလိုသည့် ရည်ရွယ်ချက်ဖြင့် အလုပ်အကိုင်သစ်များ ရှာဖွေလာကြောင်းကို\ပြသနေသည်ဟု Daiwa Institute of Research မှသုတေသီ Megumi Wada မှ သုံးသပ်ထားပါသည်။ အနာဂတ်အတွက် ကြိုတင်သုံးသပ်ရမည်ဆိုပါက မျက်နှာချင်းဆိုင်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများဖြစ်ကြသည့် ဟိုတယ်နှင့် တည်းခိုနေထိုင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ အနေအထား ပြန်လည်တိုးတက် ကောင်းမွန်လာနိုင်သည့်အတွက် လုပ်သားဈေးကွက်သည် ပြန်လည်နာလန်ထူလာမည်ဟု ယူဆရ ကြောင်း Wada က သုံးသပ်ပါသည်။

ယခုနှစ်အတွက် ဒီဇင်ဘာလကုန် နှစ်သစ်ကူးအားလပ်ရက်ရှည်တွင် နေရပ်ပြန်ရန် လူအများမှ ရှင်းကန်းဆန် (ကျည်ဆန်ရထား) နှင့် ပြည်တွင်းလေကြောင်းလိုင်းများအသုံးပြုရန် ကြိုတင်မှာယူမှုများ မြင့်တက်လာခြင်းကိုလည်း တွေ့ရပါသည်။ အစိုးရမှ "Go To Travel" ခရီးသွားကဏ္ဍ လှုံ့ဆော်ရေးအစီအစဉ်ကို ပြန်လည်စတင်မည်ဆိုပါက ခရီးသွားဝန်ဆောင်မှုကဏ္ဍအပေါ် ထပ်မံမြင့်တင်နိုင်လိမ့်မည်ဖြစ်ပါသည်။ တည်းခိုနေထိုင်ခြင်းနှင့် အစားအသောက်ဝန်ဆောင်မှုကဏ္ဍ၊ လက်လီနှင့်လက်ကားရောင်းချမှုကဏ္ဍတို့မှ အလုပ်အကိုင်များမှာ ယခုနှစ်စတွင် အတော်ကျဆင်းခဲ့သော်လည်း လက်ရှိ၌ ၎င်းကဏ္ဍမှ လုပ်သားဈေးကွက်မှာ အခြေအနေတိုးတက်လာသည်ကို တွေ့ရပါသည်။ တစ်ချိန်တည်းမှာပင်၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်စာတိုက်လုပ်ငန်းများတွင် လုပ်သားဦးရေသည် ယခင်နှစ်ကထက် ၉.၃% နှင့် ၅.၅ % အသီးသီးမြင့်တက်လာခဲ့ကြောင်း သိရပါသည်။

Source: https://www.japantimes.co.jp/

**နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်)**

## ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု ၄.၂ ရာခိုင်နှုန်းရရန် မျှော်မှန်းခြင်း

အစိုးရအနေဖြင့် ၎င်း၏ ၂၀၂၃-၂၀၂၆ အလယ်အလတ်ဘဏ္ဍာရေးမူဝါဒ မူဘောင်အရ စီးပွားရေးတိုးတက်မှု နှုန်းကို ၄.၂ ရာခိုင်နှုန်းအထိ ရရှိရန်ရည်မှန်းထားပြီး ထိခိုက်ပျက်စီးလွယ်သော စီးပွားရေးကို အထောက်အကူဖြစ်စေရန်အတွက် ဘတ်ဂျက်လိုငွေပြမှုကို ထိန်းထားနိုင်ရန် စီစဉ်လျှက်ရှိကြောင်း သိရှိရပါသည်။

အစိုးရ၏ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ Rachada Dgnadirek ၏ အဆိုအရ အစိုးရအဖွဲ့မှ(၂၁-၁၂-၂၀၂၁)ရက်နေ့တွင် အတည်ပြုခဲ့သော စီးပွားရေးမူဘောင်အရ ၂၀၂၃ခုနှစ်တွင် စီးပွားရေးတိုးတက်မှု (၃.၂%-၄.၂%) ရရှိရန်၊ ၂၀၂၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု(၂.၉%-၃.၉%) ရရှိရန်နှင့် ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်များတွင် စီးပွားရေးတိုးတက်မှု(၂.၈%-၃.၈%)ရရှိရန်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၃-၂၀၂၆ ခုနှစ်အတွက် အစိုးရ၏ အသားတင်ဝင်ငွေမှာ ထိုင်းဘတ်ငွေ(၂.၄၉) ထရီလီယံ၊ (၂.၅၆) ထရီလီယံ၊ (၂.၆၄) ထရီလီယံ၊ (၂.၇၂) ထရီလီယံတို့ဖြင့် အသီးသီးရရှိရန် ခန့်မှန်းထားကြောင်း၊ အသုံးစရိတ်ဘတ်ဂျက်မှာ ၂၀၂၃ ခုနှစ်အတွက် ဘတ်ငွေ (၃.၁၉)ထရီလီယံ၊ ၂၀၂၄ ခုနှစ်အတွက် ဘတ်ငွေ(၃.၂၇)ထရီလီယံ၊ ၂၀၂၅ခုနှစ်အတွက် ဘတ်ငွေ(၃.၃၆)ထရီလီယံနှင့် ၂၀၂၆ ခုနှစ် အတွက်ဘတ်ငွေ(၃.၄၆)ထရီလီယံဟုခန့်မှန်းထားကြောင်းသိရှိရပါသည်။

Ms.Rachada က အစိုးရအနေဖြင့် ကပ်ရောဂါဖြစ်ပွားပြီးနောက် စီးပွားရေးပြန်လည်နာလန်ထူလာစေရန် လိုငွေပြမှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည်ဟုပြောကြားခဲ့ကြောင်း အစိုးရအနေဖြင့် လူမှုရေးနှင့်စီးပွားရေး ပြန်လည်ထူထောင်ရေးတို့အတွက် ချေးငွေအပေါ် မှီခိုအားထားရန်လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃-၂၀၂၆ မူဘောင်အရ ဘတ်ဂျက်လိုငွေပြမှုသည် ၂၀၂၃ခုနှစ်တွင်ထိုင်းဘတ်ငွေ (၆၉၅)ဘီလီယံ၊ ၂၀၂၄ခုနှစ်တွင် ထိုင်းဘတ်ငွေ (၇၁၀)ဘီလီယံ၊ ၂၀၂၅ခုနှစ်တွင်ထိုင်းဘတ်ငွေ (၇၂၃)ဘီလီယံ၊ ၂၀၂၆ခုနှစ်တွင်ထိုင်းဘတ်ငွေ (၇၃၆)ဘီလီယံ ရှိမည်ဟု ခန့်မှန်းထားကြောင်းသိရှိရပါသည်။ အဆိုပါမူဘောင်သည် စီးပွားရေးနှင့်လိုက်လျောညီထွေရှိစေရန် အချိန်အခါအလိုက် ပြင်ဆင်ရန်လိုအပ်ကြောင်းလည်းသိရှိရပါသည်။

၂၀၂၂-၂၀၂၅ ခုနှစ် စီးပွားရေးမူဘောင်အရ ၂၀၂၂ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု (၃-၄%)၊ ၂၀၂၃ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု (၂.၇-၃.၇%)၊ ၂၀၂၄ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု(၂.၉-၃.၉%)ရရှိရန်ဖြစ်ကြောင်းသိရှိရပါသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

# STOCK EXCHANGE (3.1.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Jan. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,200 | 8,400 | 8,200 | 172 | 1,413,300 | 33,109,694 | 278,121 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,050 | 299 | 911,950 | 38,929,150 | 118,734 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 15 | 117,000 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 84 | 1,638,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +100 | +3.85% | 2,700 | 2,700 | 2,700 | 1 | 2,700 | 12,823,224 | 34,623 |
| EFR | 00006 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 19,977,223 | 57,934 |
| AMATA | 00007 | 6,000 | +0 | +0.00% | 6,000 | 6,000 | 6,000 | 2 | 12,000 | 10,497,598 | 62,986 |


## Market summary

As of 3rd Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 391.89 | -0.97 | -0.25% | 388.68 | 391.89 | 388.68 | 573 | 4,094,950 | 7 | 681,731 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 3rd Jan. 2022

| MYANPIX | 391.89 ▼ 0.97 |
|---|---|
| Total Volume (shares) | 573 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 681,731 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 100 |
| EFR | 00006 | 2,900 | ▲ 0 |
| AMATA | 00007 | 6,000 | ▲ 0 |